ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

https://nugmyanmar.org

အမျိုးသားညီညွတ်ရေးအစိုးရက (၂၃) နှစ်မြောက် ကယန်းအမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်

၁။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ (၈၊၉၊၁၀) နေ့တို့တွင် ကရင်နီ(ကယား)ပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ကြာလာကျေးရွာ၌ ကယန်းမျိုးနွယ်စုများ၊ ကယန်းလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် ကယန်းဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ စုဝေး၍ ကယန်းအမျိုးသား ညီလာခံ တစ်ရပ်ကို ကျင်းပနိုင်ခဲ့ကြသည်။ ထိုညီလာခံတွင်ပင် ကယန်းကငန်၊ ကယန်းလထာ၊ ကယန်းကဲဒေါ နှင့် ကယန်းကခေါင်းတို့သည် ကယန်းအမျိုးသား တစ်စုတစ်စည်းထဲအဖြစ် အမျိုးသားအလံတော် တစ်ခုအောက်တွင် ပေါင်းဆုံနိုင်ခဲ့ကြသည်။ ထိုနေ့ထူးနေ့မြတ်ကို အစွဲပြု၍ ကယန်းအမျိုးသားနေ့ အဖြစ် ကျင်းပလာခဲ့သည်မှာ ဒီကနေ့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့သည် (၂၃) နှစ်မြောက်၊ နှစ်ပတ်လည်သို့တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

၂။ ဒီကနေ့ ကယန်းအမျိုးသားနေ့တွင် တစ်နိုင်ငံလုံးရှိ တိုင်းသူပြည်သားတိုင်းကို ဆယ်စုနှစ်ပေါင်း များစွာ ဆင်းရဲဒုက္ခပေးနေသည့် စစ်အုပ်စု၏ ဖိနှိပ်မှုများကို တောင်ပေါ်၊ မြေပြန့် ကျေးလက်၊ မြို့ပြ မကျန် တော်လှန်နေကြချိန်တွင် ကျန်တိုင်းရင်းသား သွေးချင်းညီနောင်များ နှင့်အတူ ဒိုးတူပေါင်ဘက် ညီညီညွတ်ညွတ် လက်တွဲတိုက်ပွဲဝင်နေကြသည့် ပြည်တွင်း၊ ပြည်ပရှိ ကယန်းလူမျိုးများအားလုံးအား ဘေးအန္တရာယ်အပေါင်းမှ ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ လုံခြုံကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၃။ စစ်အုပ်စု၏ ဗိုလ်ကျစိုးမိုးဖိနှိပ်မှုများအောက်တွင် ကျန်တိုင်းရင်းသားများနည်းတူ ကယန်း လူမျိုးများသည်လည်း နှစ်ပေါင်းများစွာ ၎င်းတို့ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများကို

အသိအမှတ်ပြုခံရမှုများ၊ တိုးတက်ကောင်းမွန်သော လူမှုစီးပွားဘဝ ခံစားရရှိမှုများကို ဆုံးရှုံးခဲ့ကြရသည်။

၄။ ယနေ့အချိန်အခါတွင်လည်း ကယန်းလူမျိုးများ၏ ဒေသများတွင် စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်ဟူသမျှကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်ပြီး တိုင်းရင်းသားလူမျိုးများ အားလုံးအတွက် တန်းတူညီမျှမှု၊ အာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုက်ပွဲများတွင် ပေးဆပ်အနစ်နာခံကာ စွမ်းစွမ်းတမံ ပါဝင်နေကြသည့် မဟာမိတ် ကယန်းအမျိုးသားများ၏ ကြိုးပမ်းအားထုတ်မှု ပေးဆပ်အနစ်နာခံမှုများကို များစွာ အသိအမှတ် ပြု လေးစားဂုဏ်ပြုအပ်ပါသည်။

၅။ လက်ရှိအချိန်တွင် နိုင်ငံခြားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အဖက်ဖက်မှ ဖိအားများကြောင့် အင်အားချိနဲ့နေပြီဖြစ်သော စစ်အုပ်စုကို နိုင်ငံရေးမှ အပြီးတိုင် စွန့်ခွာသွားအောင် ကြိုးပမ်းနိုင်မှသာ လျှင် တိုင်းရင်းသား ပြည်သူလူထုများ လိုလားတောင်းတနေသည့် အမျိုးသားတန်းတူရေး၊ လူ့အခွင့် အရေးနှင့် ဒီမိုကရေစီ အာမခံချက်များကို ပြည့်ပြည့်ဝဝလေးစားလိုက်နာပြီး သာယာဝပြောသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ပန်းတိုင်သို့ ရောက်ရှိအကောင်အထည်ဖော်နိုင်မည်ကို ကျွန်ုပ်တို့ အားလုံး သိရှိနားလည် လက်ခံကြပြီးဖြစ်ပါသည်။

၆။ သွေးခွဲသပ်လျိုခြင်း၊ လူမဆန် ရက်စက်ကြမ်းကြုပ်ခြင်းစသည့် အကြမ်းဖက်စစ်ကောင်စီ၏ ဗျူဟာများကို မျက်ခြေပြတ်မခံပဲ ကယန်းအမျိုးသားများ၏ စုစည်းမှုနှင့် စည်းလုံးညီ ညွတ်မှု၊ ကယန်းအမျိုးသားများနှင့် ကျန်တော်လှန်အင်အားစုများကြား ယုံကြည်မှု၊ နားလည်မှု၊ စုစည်းမှုတို့ကို မထိခိုက်စေရန်လည်း အမြဲအထူးသတိရှိကြရမည် ဖြစ်ပါသည်။

၇။ ထို့ကြောင့် တော်လှန်ခရီးတစ်လျှောက် ပေးဆပ်အနစ်နာခံမှုများ အလဟဿ မဖြစ်စေပဲ အားလုံးစည်းလုံးညီညွတ်ပြီး တန်းတူရေးအာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည် ထောင်စု တည်ဆောက်ရေးတွင် ကယန်းလူမျိုးများနှင့် ညီနောင်တိုင်းရင်းသားများ အတူတကွ လက်တွဲ၍ အောင်ပွဲခရီးလမ်းဆုံးတိုင် ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ